# CHINLAND DEFENSE FORCE – ZOTUNG

cdfzotung@protonmail.com , www.facebook.com/cdfzotung

## ထုတ်ပြန်ကြေငြာချက်

ကြေငြာချက်အမှတ် (၄ / ၂၀၂၁)

ရက်စွဲ ၂၀၂၁ခုနှစ်၊ ဇူလိုင်လ(၁၈) ရက်

၁။ ချင်းပြည်နယ် အလယ်ပိုင်း ဇိုတုန်နယ် ရေဇွာမြို့တွင် ဇူလိုင်လ (၁၈)ရက် မနက် ၃း၀၀နာရီ အချိန်ခန့်တွင် ယာခင်အုပ်ချုပ်ရေးမှူး ဦးလိန်းဘွေနေအိမ်သည် ပေါက်ကွဲသံနှင့် အတူ မီးလောင်မှု ဖြစ်ပွားခဲ့သည်ဟု လူမှုကွန်ယက်စာမျက်နှာပေါ်မှ သိရှိရပါသည်။

၂။ ယာခုမီးလောင်မှုဖြစ်ပွားနေသော ဦးလိန်းဘွေသည် အကြမ်းဖက် စစ်ကောင်စီ အုပ်ချုပ်မှုအောက်တွင် ရပ်ကွက် အုပ်ချုပ်ရေးတာဝန် ဆက်လက်တာဝန် ထမ်းဆောင်သည့်အပြင် အကြမ်းဖက်စစ်ကောင်စီ အုပ်ချုပ်မှုလည်ပတ်စေပြီး မြို့ပတ် လမ်းများတွင် မြေကွက်များ မတရားချထားပေးပြီး လမ်းဖောက်လုပ်ပေးခြင်းကြောင့် CDF-Zotung မှ တာဝန်မှအနားယူပေးရန် သတိပေးစာပေးထားသော ပုဂ္ဂိုလ် တစ်ဦးလည်းဖြစ်ပါသည်။

၃။ CDF-Zotung သည် ပြည်သူ၏ အသက်အိုးအိမ်များကို ကာကွယ်သည့် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ ဖြစ်သည်နည်းတူ ပြည်သူဖက်မှရပ်တည်ပြီး မတရားမှုဟူသမျှကို မှန်မှန်ကန်ကန်တိုက်ဖျက်ချေမှုန်းသွားပါမည်။

၄။ ထို့ကြောင့် ယာခုဖြစ်စဉ်နှင့်ပတ်သက်ပြီး မိမိတို့ CDF-Zotung မှ တိကျသော သတင်းအရင်းမြစ်ဖော်ထုတ် သိရှိစေရန် စုံစမ်းနေဆဲဖြစ်ကြောင်း နှင့် သတင်းမှန်သိရှိပါက အများပြည်သူထံသို့ ပြန်လည်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**Chinland Defense Force -Zotung**